မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်
STUDENTS &YOUTH CONGRESS OF BURMA
P.O Box 123, Mae Sod, Tak, 63110, Thailand, Email - sycbcongress@gmail.com

# အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ ထုတ်ပြန်ကြေညာချက်

မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသည့် စစ်မှန်သောငြိမ်းချမ်းရေးကို အမြန်ဆုံးအကောင်အထည် ဖေါ်ဆောင်ရွက်နိုင်စေရန်အတွက် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ(၂၁)ရက်တွင် ငြိမ်းချမ်းရေးလိုလားသူ ကျောင်းသားနှင့်လူငယ်များအနေဖြင့် တိုင်းရင်းသားပြည်သူများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် အတူတကွပူးပေါင်း ပါဝင်၍ ပြည်တွင်းငြိမ်းချမ်းရေး၊ လူထုလှုပ်ရှားမှုများကို အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် ဖော်ဆောင်သွားမည် ဖြစ်ပါသည်။

ယနေ့မြန်မာနိုင်ငံတွင် ဖြစ်ပျက်နေသော အကြမ်းဖက်မှုများအားလုံးသည် မတူကွဲပြားမှုအပေါ်တွင် ဘက်လိုက်သောအမြင်များကြောင့် နိုင်ထက်စီးနင်းကိစ္စများဖြစ်၍ မဆုံးနိုင်သောပဋိပက္ခများဖြစ်နေရပါသည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရမည့် တိုင်းရင်းသားညီအစ်ကိုများအကြား လက်နက်ကိုင်ပဋိပက္ခများ ဖြစ်နေကြရပြီး မဆုံးသော ရန်ညှိုးထားမှုသံသရာကိုဖြစ်စေကာ ချစ်ခင်လိုလားမှုများ၊ ယုံကြည်မှုများကို ပိုမိုထိခိုက်လာစေသည်ကို တွေ့မြင်ကြရသည်။

ထို့ကြောင့် ဦးသိန်းစိန်အစိုးရအနေဖြင့် အောက်ပါအချက်များကိုဆောင်ရွက်ပေးပါရန် မိမိတို့ မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်မှ အလေးအနက်တောင်းဆိုအပ်ပါသည်။

၁။ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် ပထမဦးစွာ အကြမ်းဖက်တိုက်ခိုက်မှုများ ပပျောက်ရေးပင်ဖြစ်သည်။ ၎င်းကို အကောင်အထည်ဖေါ်နိုင်ရန်အတွက် လက်ရှိနိုင်ငံကို အုပ်ချုပ်နေသော အစိုးရနှင့်တပ်မတော်မှ သဘောထားကြီးမှု၊ တာဝန်ရှိမှု၊ လိုလားမှုကိုပြသရန်မှာ အထူးအရေးကြီးပါသည်။ သို့ဖြစ်ပါ၍ တပ်မတော်မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပဋိပက္ခဖြစ်ပွားနေသော နယ်မြေများမှ ထိုးစစ်အသွင်ဆောင်သော တပ်များရုပ်သိမ်းပေးရန်။

၂။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပရှိ နိုင်ငံရေးအင်အားစုများနှင့် ပြည်သူလူထု အားလုံးပါဝင်နိုင်ရေးအတွက် အစိုးရမှ အထွေအထွေလွတ်ငြိမ်းချမ်းသာခွင့်ကြေငြာပေးရန်နှင့်လယ်သမားအရေး၊ အလုပ်သမားအရေး၊ ကျောင်းသားထုအခွင့်အရေးဆိုင်ရာလှုပ်ရှားမှုများနှင့် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးဆိုင်ရာလှုပ်ရှားမှုများ၊ နိုင်ငံရေး၊လူမှုရေး တက်ကြွလှုပ်ရှားသူများအား ဖမ်းဆီးအရေးယူမှုများ ချက်ချင်းရပ်တန့်ပေးရန်။

၃။ ပြည်သူလူထု၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ပါဝင်လှုပ်ရှားခွင့်များကို ချိုးဖောက်ဖိနှိပ်ထားသည့် ဥပဒေများကိုချက်ချင်းဖျက်သိမ်းပေးရန်နှင့် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အင်အားစု၊ နိုင်ငံရေးပါတီများနှင့်ဒီမို

ကရေစီအင်အားစုများပါဝင်သော သုံးပွင့်ဆိုင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲညီလာခံတရပ်ခေါ်ယူကျင်းပပြီး နိုင်ငံရေးပြဿနာများကို စစ်ရေးနည်းလမ်းဖြင့်မဖြေရှင်းပဲ နိုင်ငံရေးဆွေးနွေးပွဲဖြင့် ငြိမ်းချမ်းစွာဖြေရှင်းသွားရန်။

၄။ ပြည်တွင်းစစ်ဘေးဒဏ်သင့်ဒေသများနှင့် ပဋိပက္ခများဖြစ်ပွားခဲ့ရာဒေသများရှိ ပြည်သူလူထု၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် မိမိနေရပ်တွင် ပုံမှန်ဘဝပြန်လည်တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည့် ထောက်ပံ့ကူညီမှုများကို အစိုးရနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများမှ အမြန်ဆုံး တာဝန်ယူဆောင်ရွက်ပေးရန်။

၅။ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်များ လုံခြုံမှုရှိစေရန်အတွက် လူမျိုးရေးနှင့်ဘာသာရေးအသွင်ဆောင်သောအကြမ်းဖက်မှုများ လုံးဝပပျောက်စေရေးကို အမြန်ဆုံးထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်နှင့်ပဋိပက္ခများ ထပ်မံမဖြစ်ပွားစေရေးအတွက် ပြစ်မှုကျူးလွန်သူများအား တရားဥပဒေအရ ထိရောက်စွာ အရေးယူပေးရန်။

မိမိတို့၏ အထက်ပါတောင်းဆိုချက်များကို အမြန်ဆုံးမဖြစ်မနေ ဦးသိန်းစိန်အစိုးရအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် လေးနက်စွာတိုက်တွန်းအပ်ပါသည်။

**" ပြည်တွင်းငြိမ်းချမ်းရေးကို အားလုံးအတူတကွ အကောင်အထည်ဖေါ်ဆောင်ရွက်ကြပါစို့ "**

မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်
နေ့စွဲ။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်

ဆက်သွယ်ရန်။

(၁) မိမရမူ + ၉၅ (၀) ၉၃ ၁၄၀ ၇၈၅၀

(၂) နော်ဆန်း +၉၅ (၀) ၉၂ ၅၅၇၂ ၆၁၇၅